# လွှတ်တော်အတွင်းကျား၊မတန်းတူညီမျှရေးကို မြှင့်တင်ဆောင်ရွက်ခြင်း သတင်းအချက်အလက် အကျဉ်းချုပ်

## Promoting Gender Equality in Parliament: an Information Brief

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

© International IDEA

ဒီဇင်ဘာလ ၂၀၁၄ ခုနှစ်

မြန်မာနိုင်ငံ၌ အမျိုးသမီးဦးရေသည် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ခန့် ရှိသော်လည်း လွှတ်တော်အမတ်များအနက် အမျိုးသမီး ၄.၃ ရာခိုင်နှုန်းမျှသာ ရှိသေး သည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း ( International IDEA) မှ ပြန်လည်ပြင်ဆင်ရေးသားထားသော "လွှတ်တော်အတွင်းမှ အမျိုးသမီးများ။ ကိန်းဂဏန်းများ၏ နောက်ကွယ်" လက်စွဲစာအုပ်တွင် ဒီမိုကရေစီနည်းကျသော မူဘောင်တိုင်း၏ ပကတိ ယုံကြည်ချက်တစ်ခုမှာ လူ့အခွင့်အရေး၏ မူလသဘောတရားပင်ဖြစ်သည်ဟု ကောက်နုတ်ဖော်ပြထားသည်။ ၎င်းတို့အနက် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးလုံး၏ နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအား အာမခံပေးခြင်းနှင့်ကျင့်သုံးခြင်းတို့လည်း အပါအဝင်ဖြစ်သည်။ ဒီမိုကရေစီမျိုးစေ့သည် လူထုဘဝ၊ ၎င်းတို့၏ လူမှုအသိုင်းအဝန်း၊ နိုင်ငံတော်တို့နှင့် ပတ်သတ်သည့် ဆုံးဖြတ်ချက်များအားချမှတ်မည့် တရားဝင်လုပ်ပိုင်ခွင့်အာဏာသည်ထိခိုက်ခံစားရသူများ ကိုယ်တိုင်ရွေးချယ်မှုမှတဆင့် ဆင်းသက်လာသင့်သည်ဆိုသည့် သဘောတရားအတွင်း တည်ရှိနေသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) နှင့် ကနေဒါ ပါလီမန်စင်တာတို့ပူးပေါင်း၍ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များအတွက် "အမျိုးသမီးလွှတ်တော်အမတ်များအတွက်အောင်မြင်မှုမဟာဗျူဟာများ" အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ပါသည်။ ဤလက်စွဲစာအုပ်နှင့် International IDEA မှ ထုတ်ဝေသော "ညီမျှမှုအတွက်ပုံဖော်ခြင်း"တို့မှ လေ့လာသုံးသပ်ပြီး ဤမူဝါဒအကျဉ်းချုပ်သည် လွှတ်တော်အတွင်း၌ အမျိုးသမီးများ တန်းတူညီမျှကိုယ်စားပြုမှု အဘယ်ကြောင့် အလွန်အရေးကြီးသည်ကို ရှင်းလင်းစွာဖော်ပြရန်၊ အမျိုးသမီးများ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာစေရန် မည်သည့် အတားအဆီးများရှိနေသည်ကို ဆန်းစစ်ရန်နှင့် ထိုအတားအဆီးများအား ကျော်လွှားနိုင်မည့် နည်းလမ်းအချို့အား အကြမ်းဖျဉ်းဖော်ပြရန်ဖြစ်သည်။

ဤစာစောင်သည် သတင်းအချက်အလက်စာစောင်တွဲတစ်ခုဖြစ်သည် မြန်မာ့ဒီမိုကရေစီပြောင်းအလဲတွင် အရေးကြီးသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံအတွင်းတွင် ဆွေးနွေးချက်များ၊ သုံးသပ်ချက်များ ပိုမိုထွက်ပေါ်လာစေရန် ထုတ်ဝေခြင်းဖြစ်ပါသည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း၏ သတင်းအချက်အလက် အကျဉ်းချုပ်စာစောင်များသည် သတင်းအချက်အလက်များပံ့ပိုးပေးရန်သာဖြစ်ပြီး ပြဌာန်းချက်များ၊ တိုက်တွန်းချက်များတစ်စုံတစ်ရာ မပါဝင်ပါ။ ထို့ပြင်ဤစာစောင်အကျဉ်းဖြင့် ဖြစ်နိုင်ခြေအားလုံးကို စေ့စေ့ငုံငုံ သုံးသပ်ခြင်း မဟုတ်ပါကြောင်း။

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း- International IDEA သည်အစိုးရများ အကြားပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ အပြားတွင် ရေရှည်တည်မြဲသော ဒီမိုကရေစီ ထွန်းကားလာရေး အတွက် ပံပိုးပေးနေသာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ (www.idea.int)။ ရည်ရွယ်ချက်မှာ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် ဖြစ်စဉ်များ အားကောင်းလာအောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။ International IDEA သည် ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အသိပညာနှင့် အရင်းအမြစ်များပံ့ပိုးပေးသည့် လုပ်ငန်းများ၊ မူဝါဒ အဆိုပြုလွှာများ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအတွက် အကူအညီ တောင်းခံလာသော နိုင်ငံများကိုပံပိုးမှု လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ မူဝါဒချမှတ်သူများ၊ အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အေဂျင်စီများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်တွဲဖက်၍ ဒီမိုကရေစီ တည်ဆောက်မှုလုပ်ငန်း များကို လုပ်ဆောင်နေပါသည်။

International IDEA သည် မြန်မာနိုင်ငံတွင် အသိပညာ အရင်းအမြစ်များ မြှင့်တင်ရန်၊ အင်စတီကျူးရှင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ပံပိုးပေးခြင်းနှင့် အားလုံးပါဝင်ရန်နှင့် သတင်း ရရှိမှုရှိသော တွေ့ဆုံမှုစကားဝိုင်းများ ဖြစ်ရန် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှု ပုံစံမျိုးမျိုးတို့ အကြောင်းကိုပံ့ပိုးပေးလျှက်ရှိသည်။

**INTERNATIONAL IDEA (Myanmar)**
Room 5C, Yatha Condominium
458-460 Mahabandoola Road
(entrance on 31st Street)
Pabedan Township, Yangon, Myanmar
Email: info-myanmar@idea.int

# နိဒါန်း

၁၉၉၅ ခုနှစ် ဘေဂျင်းလုပ်ငန်းလမ်းညွှန်၌ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့မှ နိုင်ငံများသည် နိုင်ငံတော် ဥပဒေပြုခွင့်ရှိသူများနေရာ၌ အမျိုးသမီးများ၏ ကိုယ်စားပြုမှု ၃၀ ရာခိုင်နှုန်းထားရှိရန် အတွက် ကြိုးစားလုပ်ဆောင်ရန် သဘောတူညီခဲ့သည်။ တစ်နည်းအားဖြင့် အမျိုးသားများ လွှမ်းမိုးသောနေရာများ၌ အမျိုးသမီးများ အဓိပ္ပါယ်ရှိရှိ ပါဝင် ဆောင်ရွက်လာနိုင်စေရန်အတွက် ဤရာခိုင်နှုန်းအား ‘မရှိမဖြစ်လိုအပ်သည့် ပမာဏ’ အဖြစ် ရှု့မြင်ထားသည်။[1] လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုခန့်အတွင်း ခြုံငုံကြည့်လျှင် တိုးတက်မှုအတော်အသင့်ကို မြင်လာရသော်လည်း ဆက်လက်လုပ်ဆောင်သွားရန်များစွာ လိုအပ်နေသေးသည်။ ဥပမာ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်၌ ကိုယ်စားပြုပါဝင်မှုအား ဇယား (၁) တွင်ဖော်ပြထားသည့်အတိုင်း အမျိုးသမီးများ၏ အခွင့်အရေး ဆုံးရှုံးစေရန် များစွာ ဘက်လိုက်ထားသည်။ သို့ရာတွင် အခြားနိုင်ငံများ၌ ဒီမိုကရေစီသို့ အကူးအပြောင်းသည် ပိုမိုမြန်ဆန် သောဖွံ့ဖြိုးရေးကိုပါဝင်ကူညီပေးပြီးလူမှုအသိုင်းအဝိုင်း၌ အလုံးစုံပြောင်းလဲလာမှုသည် နိုင်ငံရေးလောက၌ အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ပေးနိုင်သည့် ‘အခွင့်အလမ်း တံခါးပေါက်များ ’ဖွင့်လှစ်ထားစေရန် အားပေးသည်။

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ထည့်သွင်းဖြည့်ဆည်းပေးမှုသည် ခွင့်ပြုထား သည့် မျက်နှာသာပေးမှုများ မဟုတ်သလို ကြည့်ကောင်းစေရန်အလို့ငှာ အမည်ခံလိုက်လျောမှုတစ်ခုလည်း မဟုတ်ပါ။ မည်သည့်နိုင်ငံရေး လုပ်ငန်းစဉ်တွင်မဆို အမျိုးသမီးများ၏ပါဝင် ဆောင်ရွက်မှုသည် အခြေခံလူ့အခွင့်အရေး တစ်ရပ်ဖြစ်ပြီး ခေတ်ပြိုင် ကမ္ဘာ့လူမှုဂန်းကျင်၏ ဆန်းသစ်သော နည်းပညာဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အသွင်ပြောင်းလဲမှု အခြေအနေ၌ မရှိမဖြစ် လိုအပ်ချက်တစ်ခုလည်း ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးသည် အခြေခံအားဖြင့် လူထုဘဝများအား အုပ်စိုးခြင်းဖြစ်သောကြောင့် ထိခိုက်ခံစားရသူများ၏ ကိုယ်စားပြုမှု နှင့် အကျိုးဝင်အောင် ထည့်သွင်းဆောင်ရွက်မှု မရှိလျှင် ၎င်းကိုဆောင်ရွက်နိုင်မည် ဆိုသည့်အချက်ကိုယုံကြည်နိုင်လိမ့်မည်မဟုတ်ပါ။ အမျိုးသမီးများ

ဇယား (၁)။ ။ အဖွဲ့အမျိုးမျိုး၏ စုစုပေါင်းအရေအတွက်၌ အမျိုးသမီးရာခိုင်နှုန်း (၂၀၁၄)

| | |
|---|---|
| စုစုပေါင်း လူဦးရေ (မြန်မာ)[၁] | ၅၁.၈ % |
| ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ (မြန်မာ)[၂] | ၅.၆ % |
| အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ (မြန်မာ)[၂] | ၁.၈ % |
| လွှတ်တော် ကိုယ်စားလှယ်များ (တစ်ကမ္ဘာလုံး) [၂] | ၂၁.၈ % |
| အောက်လွှတ်တော် ကိုယ်စားလှယ်များ (ရဝမ်ဒါ)[၂] | ၆၃.၈ % |
| လွှတ်တော် ကိုယ်စားလှယ်များ (ကျူးဘား) [၂] | ၄၈.၉ % |
| လွှတ်တော် ကိုယ်စားလှယ်များ (ဆွီဒင်)[၂] | ၄၃.၆ % |

မူလအရင်းအမြစ် ၁) လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန The Population and Housing Census Summary of the Provisional Results ဩဂုတ်လ ၂၀၁၄ ခုနှစ်၊ စာမျက်နှာ.၅၊ ၂) လွှတ်တော်အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ World Classification Women in National Parliaments (၂၀၁၄ အောက်တိုဘာလ ၁ ရက်နေ့ အခြေအနေအထိ)

---

[1] ဘေဂျင်းလုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များအား ထပ်မံသိရှိလိုလျှင် http://www.un.org/womenwatch/daw/beijing/platform/decision.htm တွင်ကြည့်ပါ။

အား ဆုံးဖြတ်ချက်ချသည့်အဖွဲ့များ၌မပါဝင်နိုင်ရန် ဖယ်ချန်ထားခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအားအဟန့်အတားဖြစ်စေပြီး ကျား၊မ တန်းတူညီမျှရေးအား ကြိုးပမ်းမှုများကို အားမပေးဘဲ လူမှုအသိုင်းအဝိုင်းတစ်ခု၌ ဒီမိုကရေစီ သဘောတရားများခိုင်မာစွာ အမြစ်တွယ်စေမည့်ဖြစ်နိုင်ခြေများအားအကန့်အသတ်ဖြစ်စေသည်။

ထို့အပြင် ၁၉၇၉ ခုနှစ်၌ ကုလသမဂ္ဂ(UN) အထွေထွေညီလာခံမှ[2] အတည်ပြုပေးခဲ့သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW) တွင် နိုင်ငံရေးတွင် အမျိုးသမီးနှင့် အမျိုးသား တန်းတူပါဝင်မှုသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၇ နီးပါးသည် အဖွဲ့ဝင်အဖြစ် ပါဝင်နေပြီး ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍ၌ အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ရန်တာဝန်သိလုပ်ဆောင်နေကြသည်။ ဤအချက်သည် ပဋိပက္ခလွန် နိုင်ငံတော် တည်ဆောက်ရေးအားလည်း အကျိုးသက်ရောက်မှုရှိစေသည်။ ၂၀၁၀ ခုနှစ်၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်မှ 'ငြိမ်းချမ်းရေးသည် အမျိုးသမီးများနှင့်အမျိုးသားများအကြား တန်းတူညီမျှမှုနှင့်ခွဲခြား၍မရအောင် ချိတ်ဆက်နေသည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး နှင့် မြှင့်တင်ရေးဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ညီတူညီမျှပါဝင်မှု လိုအပ်သည်' ဟု ပြောကြားခဲ့သည်။

ထို့ကြောင့် ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာ အဖွဲ့အစည်း (International IDEA)သည် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုကို မြှင့်တင်ပေးခြင်းအား ကတိကဝတ် ထားဆောင်ရွက်သည်။ နောက်ဆုံးအနေဖြင့် ဤမူဝါဒအကျဉ်းချုပ်သည် အောက်ပါမေးခွန်းများကိုဖြေကြားပေးလိမ့်မည်။ လွှတ်တော်သို့ဝင်ရောက်ချိန်တွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသည့် အဓိက အဟန့်အတားများမှာ မည်သည့်အရာများ ဖြစ်သနည်း။ ထိုအဟန့်အတားများအား ကျော်လွှားနိုင်မည်မတူညီသည့် နည်းလမ်းများမှာ အဘယ်နည်း။ လွှတ်တော် နိုင်ငံရေးလုပ်ငန်းစဉ်အား လွှမ်းမိုးစေရန် အမျိုးသမီးများ အသုံးပြုနိုင်သည့် လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများမှာ အဘယ်နည်း။

## လွှတ်တော်သို့ ဝင်ရောက်ချိန်တွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသည့် အဓိက အဟန့်အတားများ

အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပါဝင်မှုကို နှောင့်နှေးစေသော (သို့) လွယ်ကူချောမွေ့စေသော အခြေခံအကြောင်းအချက်များမှာ လူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ပထဝီဝင် အနေအထား၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ စနစ်အလိုက် အဆင့်ဆင့်ခြားနားသွားသည်။ လူမှုစီးပွားနှင့် ပထဝီဝင်အနေအထားဆိုင်ရာ အခြေခံအကြောင်းအချက်များကို လစ်လျူရှုထား၍ မရသော်လည်း အမျိုးသမီးများ၏ ကိုယ်စားပြုဆောင်ရွက်မှု အဆင့်များအပေါ် လွှမ်းမိုးနေပြီး ၎င်းတို့အား အချိန်တိုအတွင်း ပြောင်းလဲနိုင်သော နိုင်ငံရေးဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေခံအကြောင်းအချက်များကို ပိုမိုအလေးထားခဲ့ ကြပါသည်။

အမျိုးသမီးများအတွက် သီးခြား စိန်ခေါ်မှုများအကြောင်း တင်ပြသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာစေရန် နည်းလမ်းသည် ကွဲပြားသော အဆင့်များရှိသောကြောင့် အမျိုးသမီးများအား တန်းတူညီမျှစွာ ကိုယ်စားပြုခြင်းမှ တားဆီးနေသော အဟန့်အတားများကို

[2] စီဒေါဆိုင်ရာ အချက်အလက်များအား ထပ်မံသိရှိလိုလျှင် http://www.un.org/womenwatch/daw/cedaw/cedaw.htm တွင်ကြည့်ပါ။

ဆန်းစစ်မှုများပြုလုပ်စဉ် ၎င်းဖြစ်စဉ်အား အဆင့် ၅ ဆင့်ခွဲခြားပြီး လုပ်ဆောင်ခြင်းသည် ပိုမိုအကျိုးရှိသည်။ ၎င်းတို့မှာ လူပုဂ္ဂိုလ်တစ်ဦးမှ အရည်အချင်းပြည့်မီသူ၊ ရည်ရွယ်ချက်ပြင်းပြသူ၊ ကိုယ်စားလှယ်လောင်း၊ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်၊ နောက်ဆုံးတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်သို့ ရောက်ရှိခြင်းတို့ ဖြစ်သည်။ (ပုံ- ၁ ကို ကြည့်ပါ)။ တိကျသေချာသော ပမာဏကို တိုင်းတာရန် ခက်ခဲသော်လည်း အဆင့်တိုင်း၌ အမျိုးသမီးရာခိုင်နှုန်းများ လျော့နည်းနေသည်။


### အဆင့် ၁။ ။ လူပုဂ္ဂိုလ်တစ်ဦးမှ အရည်အချင်းပြည့်မီသော ပြည်သူတစ်ဦးအဖြစ်သို့

အရည်အချင်းပြည့်မီသော ပြည်သူတစ်ဦးဖြစ်လာသည့် အဆင့်တွင် သိသာထင်ရှားမှုများကို တွေ့ရနိုင်သည်။ သို့သော် ယေဘူယအားဖြင့် နိုင်ငံအတွင်းရှိ လူတိုင်းသည် ရွေးကောက်ပွဲတွင် ကိုယ်စားပြုခွင့် ရရှိသည်မဟုတ်ကြပါ။ သတ်သတ်မှတ်မှတ်နေရာများရရှိရန် အရည်အချင်းပြည့်မီမှု လိုအပ်ချက်များသည် ပြောင်းလဲနေသည်။ သို့သော် ၎င်းတို့ကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (သို့) ဖွဲ့စည်းပုံ အခြေခံဥပဒေအထဲ၌ပင် တစ်ခါတစ်ရံ တိတိကျကျ သတ်မှတ်ထားပြီး အမျိုးသမီးများအား အချိုးအစားမညီမျှစွာ ထိခိုက်မှုရှိနိုင်သည်။ ထိုအချက်သည် အခြေအနေတစ်ခုဖြစ်နိုင်သည်။ ဥပမာအားဖြင့် သင်သည် မဲပေးသူအဖြစ် မှတ်ပုံတင်ခြင်း ပြုလုပ်ချိန် (သို့) အသေအချာ စာရေးတတ်ဖတ်တတ်မှု စသည့် လိုအပ်ချက်များနှင့်ပြည့်မီရန် လိုအပ်ချိန်၌ဖြစ်သည်။

### အဆင့် ၂။ ။ အရည်အချင်းပြည့်မီသော ပြည်သူတစ်ဦးမှ ရည်ရွယ်ချက်ပြင်းပြသူ တစ်ဦးအဖြစ်သို့

ဒုတိယအဆင့်တွင် ကိုယ်စားလှယ်အဖြစ် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသူတစ်ဦးနှင့် ထိုအချက်ကြောင့် ရည်ရွယ်ချက် ပြင်းပြသူဖြစ်လာခြင်း ပါဝင်သည်။ ဤဆုံးဖြတ်ချက်တွင် ရပ်တည်ရန် ပုဂ္ဂလိက ရည်မှန်းချက်၊ အရင်းအမြစ်များနှင့် အခွင့်အလမ်းများမှ လွှမ်းမိုးထားသည်။ တရားဝင်နိုင်ငံရေး အဖွဲ့အစည်းများ၊ လွှတ်တော်များ (သို့) နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု လျော့နည်းနေခြင်း၏ အဓိကအကြောင်းများအနက်တစ်ခုမှာ ယုံကြည်မှုကင်းမဲ့ခြင်း ဖြစ်

ပုံ (၁) ။ ။ လွှတ်တော်၌ အမျိုးသမီးများ တန်းတူညီမျှ ကိုယ်စားပြုမှု အဆင့် (၅) ဆင့်



သည်။ အချို့နိုင်ငံများ၌ အမျိုးသမီးများသည် နိုင်ငံရေးအား 'ညစ်သော ကစားပွဲ' တစ်ခုအဖြစ် နားလည်ထားကြသည်။ ထိုအချက်သည် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ရန် ၎င်းတို့၏စွမ်းရည်များ၌ ယုံကြည်မှုကို ပျက်ပြားစေသည်။ စနစ်သည် အဆိုးရွားဆုံးသရုပ်သကန်ဖြစ်သည့် အစီအစဉ်တကျ ပြစ်မှုကျူးလွန်ရန် အခွင့်အလမ်းများကိုဖန်တီးနိုင်သည့် လာဘ်စားမှုကို ခံစားရချိန်တွင် ဤအချက်သည် ရောစပ်ပါဝင်နေသည်။ နိုင်ငံရေးတွင် ၎င်းတို့ ပါဝင်ဆောင်ရွက်မှုကြောင့် မိသားစုဝင်များအား ဖိစီးနှိပ်စက်မှုများ ပြုလုပ်ခြင်းဖြင့် မိသားစုတွက် ကောင်းကျိုးမပြုသည့် နောက်ဆက်တွဲ အကျိုးဆက်ကို စိုးရိမ်ပူပန်မှုသည် အမျိုးသမီးများ၏ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ရန် ရည်ရွယ်ချက်များကို ထပ်မံ၍ နှောင့်နှေးစေလိမ့်မည်။

လူမှုအသိုင်းအဝိုင်းအတွင်းမှ အမျိုးသမီးများ၏ လူမှုရေးနှင့် စီးပွားရေးအခြေအနေသည်လည်း နိုင်ငံရေးအဖွဲ့အစည်းများ၌ ၎င်းတို့ ပါဝင်ဆောင်ရွက်မှုအပေါ် တိုက်ရိုက်လွှမ်းမိုးမှု ရှိနေသည်။ ဥပမာအားဖြင့် သုတေသနပြုသူများသည် အမျိုးသမီး ဥပဒေပြုအမတ်များ စုဆောင်းရရှိမှုနှင့် အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်သော အမျိုးသမီးများအချိုးအစား၏ ဆက်စပ်မှုကိုသာမက ကောလိပ်မှဘွဲ့ရအမျိုးသမီးရာခိုင်နှုန်းအချိုး အစားတို့အပြန်အလှန်ဆက်စပ်မှုကိုလည်း ထောက်ပြကြသည်။ အမျိုးသမီးများ အိမ်ထဲမှထွက်ပြီး အလုပ်လုပ်ကိုင်ခြင်းသည် အသိရှိမှုကို မြင့်တက်လာစေသော အကျိုးဆက်အဖြစ် ဖော်ပြထားသည်။

နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်လိုသော အမျိုးသမီးများသည် နိုင်ငံရေး၊ အများပြည်သူ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ပတ်ဝန်းကျင်များသည် ၎င်းတို့အား တစ်ခါတစ်ရံ ရင်းနှီးကျွမ်းဝင်မှု မရှိကြောင်း (သို့) အပြင်းအထန်ဆန့်ကျင်နေကြောင်း တွေ့ရှိလာကြသည်။ အမျိုးသားများသည် နိုင်ငံရေးကြိုးပိုင်းတွင် ကြီးစိုးနေကြသည်။ အမျိုးသားများသည် နိုင်ငံရေးကစားပွဲများ၏ စည်းမျဉ်းစည်းကမ်းများကို ဖန်တီးနေပြီး၊ အကဲဖြတ်ဆန်းစစ်သည့် စံနှုန်းများကိုလည်းအမျိုးသားများကပင် သတ်မှတ်နေသည်။ ထို့အပြင် နိုင်ငံရေးလောကကို အမျိုးသားများ၏ တရားသေ စံနှုန်းများ၊ တန်းဖိုးထားမှုများနှင့် အညီဖွဲ့စည်းထားသည်။ အချို့နေရာများတွင်အမျိုးသားများ၏ ဘဝနေထိုင်နည်းများအတိုင်းပင် ဖြစ်နေသေးသည်။ ဥပမာအားဖြင့် နိုင်ငံရေးသည် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အားလုံးသဘော ဆန္ဒဆိုသည့်အချက်ထက် တစ်ခါတစ်ရံ 'အနိုင်၊အရှုံး'၊ ယှဉ်ပြိုင်ခြင်းနှင့် ထိပ်တိုက်တွေ့ဆုံခြင်းဆိုသည့် အတွေးအခေါ် အပေါ် အခြေခံသည်။ အထူးသဖြင့် ပါတီများအကြားတွင်ဖြစ်သည်။ ထိုအချက်သည် အမျိုးသမီးများအား နိုင်ငံရေးတစ်ခုလုံးကို ငြင်းပယ်ခြင်း (သို့) အမျိုးသားများ ပုံစံအတိုင်းဖြစ်နေသော နိုင်ငံရေးကို ငြင်းပယ်ခြင်း အကျိုးဆက်များ ဖြစ်ပေါ် လာသည်။

နိုင်ငံအများစု၌ ဓလေ့ထုံးစံများသည် အမျိုးသမီးများ၏ အဓိက အခန်းကဏ္ဍကို အမေများနှင့်အိမ်ထောင်ရှင်မများအဖြစ် ဆက်လက်အလေးထားနေပြီး ထိုအခန်းကဏ္ဍများဖြင့် ၎င်းတို့အား ကန့်သတ်ထားဆဲဖြစ်သည်။ ထို့အပြင် မီဒီယာ ရေစီးကြောင်းထဲ၌ အမျိုးသမီးများကို လိင်အရ အသုံးပြုခံအရာဝတ္ထုအဖြစ် ထုံးစံအတိုင်း သတ်မှတ်ထားသည်။ ထို့ကြောင့် အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များထက် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်များနှင့် ပိုမိုသက်ဆိုင်သော လှပမှုနှင့် ဆွဲဆောင်မှုရှိမှုတို့ကို မုချအယူအဆများအဖြစ် ၎င်းတို့ကိုယ်တိုင် စွဲမှတ်ခံယူ ကျင့်သုံးလာရန် ဖန်တီးထားသည်။ ထိုကဲ့သို့ချဉ်းကပ်မှုသည် မိန်းမများသည် 'အားနည်းသော လိင်များ' ဖြစ်သည်ဟု ကာလရှည်ကြာစွာ ရှုမြင်လာခဲ့သော ဖခင်ကြီးစိုးသောဝါဒဆိုင်ရာ တရားသေအမြင်ကို ပိုမိုအားကောင်းစေပြီး အမျိုးသမီးများသည် 'လိင်ပိုင်းဆိုင်ရာ ရုပ်ဝတ္ထုများ' နှင့် 'တစ်ဆင့်နိမ့် လူသားများ' ဖြစ်စေသည်။ ဓလေ့ထုံးစံအရ အားကောင်းသော ဖခင်ကြီးစိုးသော ဝါဒအား

တန်ဖိုးထားမှု စနစ်သည် လိင်ပိုင်းဆိုင်ရာအရ အခန်းကဏ္ဍခွဲခြားထားမှုကို မျက်နှာသာပေးထားသည်။ သို့ဖြစ်၍ မည်သည့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်၌မဆို အမျိုးသမီးများ၏ တိုးတက်မှု၊ ရှေ့သို့တိုးဆောင်ရွက်မှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ကို ဟန့်တားမှုများရှိလာသည်။

ဤအဆင့်တွင် အမျိုးသမီးများထက် အမျိုးသားများက ရှိနှင့်နေပြီးဖြစ်သည်။ ယဉ်ကျေးမှုအားလုံးနီးပါးတွင် အမျိုးသားများ နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ရန် ၎င်းတို့အတွက် တရားဝင်နေရာ ပေးထားသကဲ့သို့ ရှုမြင်ရန်လူမှုပုံစံသွင်းထားသည်။ ထိုအချက်သည် အမျိုးသားများအား နိုင်ငံရေးအသိပညာနှင့် စိတ်ပါဝင်စားမှု ပိုမိုရှိစေသည်။

## အဆင့် ၃။ ။ ရည်ရွယ်ချက် ပြင်းပြသူတစ်ဦးမှ ကိုယ်စားလှယ်လောင်း တစ်ဦးအဖြစ်သို့

လုပ်ငန်းများနှင့်ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဆိုင်ရာရည်မှန်းချက်များ၌ ပိုမိုကြီးမားသောပါတီမှစောင့်ကြည့်ရွေးချယ်သူများသည် ကိုယ်စားလှယ်လောင်းများကို အမှန်တကယ် ရွေးချယ်သည့် ဤအဆင့်တွင် အမတ်နေရာသို့ အမျိုးသမီးများ ဝင်ရောက်ရန်အတွက် အရေးကြီးသည်။ အရည်အချင်း သတ်မှတ်ချက်များသည် အမျိုးသားများအပေါ် ဘက်လိုက်နေနှင့်ပြီး ဖြစ်သောကြောင့် အကယ်၍ ပါတီများသည် ကျား၊မ ဂိသေသကင်းသော အဆိုပြုထားသော စည်းကမ်းချက်များကို သဘောတူလက်ခံလျှင် ကိုယ်စားလှယ်လောင်းများသည်လည်း လွဲချော်မှုရှိလိမ့်မည်။ အမှန်တကယ်တွင် ရွေးချယ်မှု လုပ်ထုံးလုပ်နည်းများသည် တစ်ခါတစ်ရံတွင် အမျိုးသမီးများကို နစ်နာစေသည်။ ဥပမာအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် တန်ဖိုးထားသော ဂိသေသလက္ခဏာများမှာ ရည်ရွယ်ချက်ပြင်းပြသူတစ်ဦး၏ ပါတီအဖွဲ့အစည်းနှင့် မဲဆန္ဒနယ်များအတွင်း လုပ်ဆောင်ချက်များကို ခြေရာခံမှတ်တမ်းတင်ခြင်းများဖြစ်သည်။ လက်ရှိရာထူးနေရာ ရယူထားသူများအား ပြန်လည်အဆိုပြုမှုနှုန်းမြင့်မားမှုကို ကြည့်ရှုသိရှိနိုင်ပါသည်။

ဖော်ပြထားသည့်အတိုင်း ကိုယ်စားလှယ်လောင်းအသစ်များအတွက်ပင် ပါတီအတွင်း ယခင်က ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၌ ပညာရှင် (သို့) ခေါင်းဆောင်မှုမှ တစ်ဆင့် ရပ်ရွာအတွင်း တက်ကြွလှုပ်ရှားမှု(သို့) ပေါ်လွင်ထင်ရှားမှုရှိခြင်းသည် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ရာထူးလက်ကိုင်ရှိထားသူများနှင့် ရပ်ရွာခေါင်းဆောင်များသည် တစ်ခါတစ်ရံ အချိုးအစားမညီမျှစွာ အမျိုးသားများဖြစ်နေသည်။ ထိုစံသတ်မှတ်ချက်သည် အမျိုးသမီးများ၏ အခွင့်အလမ်းများကို ထိခိုက်နိုင်သည်။ နိုင်ငံရေးပါတီများအတွင်းထိုအဆိုပြုသည့်လုပ်ငန်းစဉ်သည် တစ်ခါတစ်ရံ ကိုယ်စားလှယ်လောင်း ရွေးချယ်ရာ၌ 'အမျိုးသားများ၏ ဂိသေသလက္ခဏာများ'ကို အလေးပေးမှုရှိနေပြီး အမျိုးသမီးများအား ဆန့်ကျင်စွာ ဘက်လိုက်နေသည်။

အဆိုပြုသည့် လုပ်ထုံးလုပ်နည်း အမျိုးအစားသည်လည်း အမျိုးသမီးများ၏ အခွင့်အရေးအတွက် အရေးကြီးသည်။ ကျွန်ုပ်တို့သည် ဗဟိုချုပ်ကိုင်မှုစနစ်နှင့် အထူးရပိုင်ခွင့်များကို ရှေ့ရှုသောရွေးချယ်မှုစနစ်တို့ကို ခွဲခြားနိုင်သည်။ ပထမအချက်သည်အသေးစိတ်ကျ၊ တိကျပြီး မည်သည့် လုပ်ပိုင်ခွင့်အာဏာရှိသူ ဖြစ်ပါစေလိုက်နာရမည့် စံသတ်မှတ်ထားသော စည်းမျဉ်းများရှိသည်။ ဒုတိယအချက်သည် စည်းမျဉ်းများမရှိဘဲ ပါတီအတွင်း၌ လုပ်ပိုင်ခွင့်အာဏာ ရှိသူများအား သစ္စာစောင့်သိမှုသည် အရေးကြီးဆုံးဖြစ်သည်။ ရှင်းလင်းပြီး လျှို့ဝှက်မှုမရှိသော စည်းမျဉ်းများသည် အမျိုးသမီးများအတွက် ကွဲပြားသော အကျိုးကျေးဇူးရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစည်းမျဉ်းများ၏ အကျိုးကျေးဇူးကိုရရှိနိုင်မည့် မဟာဗျူဟာများ ရေးဆွဲနိုင်သော အခွင့်အလမ်းများရှိနေခြင်းဖြင့် အမျိုးသမီးများကို ပံ့ပိုးကူညီနေသည်။ ထို့ကြောင့် အမျိုးသမီးများသည် သေချာဖွဲ့စည်းထားခြင်းမရှိ (သို့) ဖောက်သည်များကို ရှေ့ရှုသော ပါတီများ၌ထက် စည်းမျဉ်းအခြေပြုသောဗဟိုချုပ်ကိုင်မှုရှိသည့်ပါတီများ၌ပိုမိုကြီးမားသော အခွင့်အလမ်းများကို ခံစားနိုင်လိမ့်မည်။


## အဆင့် ၄။ ။ ကိုယ်စားလှယ်လောင်း တစ်ဦးမှ ရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦးအဖြစ်သို့

အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို ထည့်သွင်းစဉ်းစားစဉ် ရွေးကောက်ပွဲစနစ်သည် အရေးပါသော အကြောင်းချက်တစ်ချက်ဖြစ်သည်။ ဇယား (၁)တွင်ဖော်ပြထားသည့်အတိုင်း ၂၀၁၀ ခုနှစ်၌ မြန်မာနိုင်ငံမှ အသုံးပြုခဲ့သော ဒေသတစ်ခုစီ၌ ဥပဒေပြုအမတ်တစ်ဦးစီရွေးချယ်ရသော မဲများသူအနိုင်ယူစနစ် (FPTP)ကဲ့သို့ဗဟု/အများစုစနစ်များ စနစ်များနှင့် (သို့) မဲဆန္ဒနယ် တစ်ခုစီ၌ လွှတ်တော်အမတ်အရေအတွက်အများ ရွေးချယ်ရသောအချိုးကျကိုယ်စားလှယ်ပြုခြင်း(PR) ကဲ့သို့ စနစ်များအကြား အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှုအပေါ် ကြီးမားသော ကွာခြားမှုများ အကျိုးသက်ရောက်နေသည်။

ရွေးကောက်ပွဲစနစ်များ၏ ထိုမတူညီသည့် ရလဒ်များအတွက် ရှင်းလင်းတင်ပြချက်များ အများအပြားရှိသည်။ ပထမဦးစွာ PR စနစ်များတွင် မဲဆန္ဒနယ်ရှိ ကိုယ်စားလှယ်လောင်းပမာဏ (ဒေသတစ်ခုစီ၏ ရွေးချယ်မည့်ကိုယ်စားလှယ်နေရာအရေအတွက်)အမြဲများပြားနေပြီး ထိုအချက်သည် ပါတီရှိ ကိုယ်စားလှယ်လောင်းပမာဏများ[3] (ဒေသတစ်ခုတွင် ပါတီတစ်ခုစီမှ အနိုင်ရရှိသော ကိုယ်စားလှယ် နေရာအရေအတွက်)ကို ပိုမိုမြင့်တက်လာစေသည်။ မဲဆန္ဒနယ်ရှိ ရွေးချယ်မည့် ကိုယ်စားလှယ်လောင်းအရေအတွက်သည် များပြားပါက ပါတီများသည် ကိုယ်စားလှယ်လောင်းအရေအတွက်များများကိုအဆိုပြုနိုင်သည်။ အမျိုးသမီးများ၏အမည်ကို ပါတီစာရင်း၏ အောက်ခြေတွင် ထည့်သွင်းထားလေ့ရှိသောကြောင့် စာရင်းအောက်ခြေမှ လူများအထိရောက်အောင် အဆိုပြုနိုင်ချိန်တွင် ထိုအချက်သည် အမျိုးသမီးများကို အကူအညီ ဖြစ်စေသည်။ ဒုတိယအနေဖြင့် ရွေးကောက်ပွဲစနစ်များသည် ပါတီများတွင်

ဇယား (၁)။ ။ လွှတ်တော်အတွင်းမှ အမျိုးသမီးရာခိုင်နှုန်း။

အများစုကနိုင်သောစနစ်နှင့် အချိုးကျကိုယ်စားလှယ်ပြုခြင်း ရွေးကောက်ပွဲစနစ်များ





အရင်းအမြစ်။ ။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) လွှတ်တော်အတွင်းမှ အမျိုးသမီးများ။ ။ ကိန်းဂဏန်းများ၏ နောက်ကွယ် (ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသော)၊ ၂၀၀၅ ခုနှစ်၊ စာမျက်နှာ ၁၀၂

[3] ထိုထင်မြင်ယူဆချက်များအပေါ် ထပ်မံသိရှိလိုလျှင် 'ရွေးကောက်ပွဲစနစ်ဒီဇိုင်း ။ ။ နိုင်ငံတကာ IDEA လက်စွဲစာအုပ်အသစ်' (စာမျက်နှာ- ၇၇) တွင် ကြည့်ပါ။ ထိုလက်စွဲစာအုပ် (မြန်မာဘာသာဖြင့်) အား အွန်လိုင်းပေါ်တွင် (သို့) ပုံနှိပ်ထားသည့် စာအုပ် ရရှိနိုင်သည်။

ကိုယ်စားလှယ်လောင်းများအား ရွေးချယ်ရသည့်သူများအတွက် စိုးရိမ်မှုများနှင့် မက်လုံးများကိုလည်းဖန်တီးပေးနိုင်သည်။ မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်လောင်းတစ်ဦးသာ ရွေးချယ်သည့် စနစ်များသည် ပါတီများအား ၎င်းတို့၏ဝင်ရောက်ယှဉ်ပြိုင်ခွင့်များကိုချိန်ညှိရန် အခွင့်အရေး မပေးထားပါ။ ထို့ကြောင့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများသည် အမျိုးသားများအားလုံးနှင့် တိုက်ရိုက်ယှဉ်ပြိုင် ရမည်ဖြစ်ပြီး အမျိုးသမီးများကို အဆိုပြုခြင်းသည် ထိုမဲဆန္ဒယ်ရှိ လုပ်ပိုင်ခွင့် အာဏာအရှိဆုံး အမျိုးသား နိုင်ငံရေးသမား၏ ရည်ရွယ်ချက်ပြင်းပြမှုများကို ဖြောင်ကျကျငြင်းဆိုခြင်း အဓိပ္ပါယ်လည်းဖြစ်သည်။ ပါတီမှ ကိုယ်စားလှယ်လောင်းရွေးချယ်သူများသည် ကိုယ်စားလှယ်လောင်းစာရင်းအား ချိန်ညှိရန် ဆန္ဒရှိကြပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီး ကိုယ်စားလောင်းတစ်ဦးအား အပိုဆောင်း မဲပေးသူများအား ဆွဲဆောင်နိုင်သည့် အကျိုးအမြတ်တစ်ခုအနေဖြင့် ရှုမြင်နိုင်သောကြောင့် ဖြစ်သည်။ အခြားအကြောင်းပြချက်မှာ ပါတီအတွင်း၌ မတူညီသောဂိုဏ်းကွဲသူများရှိပြီးထိုဂိုဏ်းကွဲနေသူများအနေဖြင့် ကိုယ်စားလှယ်လောင်းစာရင်းအားချိန်ညှိခြင်းသည် သူတို့အတွက် မျှတမှုရှိပြီး၊ သေချာသော နေရာခွဲဝေခြင်းအဖြစ်ရှုမြင်ကာ ၎င်းသည်ပင် ပါတီတွင်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်ပြီး အားလုံးသော အုပ်စုများ၏ ထောက်ခံမှုကို ဆက်လက်ရရှိစေနိုင်မည့် နည်းလမ်းတစ်ခုဖြစ်စေနိုင်ပါသည်။

**ဇယားကွက် ၁။ ။ မြန်မာနိုင်ငံမှ မဲပေးသူများသည် ကျား၊မ လူမှုရေးရာအပါမှုတည်၍ ဦးစားပေးရွေးချယ်မှု ရှိသလား။**

အပြည်ပြည်ဆိုင်ရာ ရီပတ်ပဘစ်ကန် အဖွဲ့အစည်း (IRI) မှ မကြာသေးမီက ပြုလုပ်ခဲ့သည့် ခြုံငုံလေ့လာမှု စစ်တမ်းတစ်ခု၌ မဲပေးနိုင်သည့် အရွယ်ရောက်ပြီးသူများအားကိုယ်စားပြုနမူနာတစ်ခုအဖြစ် အောက်ပါမေးခွန်းအား မေးခဲ့သည်။ "အကယ်၍ တူညီသော ရွေးကောက်ခံ တစ်နေရာအတွက် အရည်အချင်း တူညီသော ကိုယ်စားလှယ်လောင်း နှစ်ဦးက မဲဆွယ်စည်းရုံးပါကမည်သည့်ကိုယ်စားလှယ်လောင်းအား သင်ပို၍ ပေးနိုင်ချေရှိသနည်း။" ၄၈ ရာခိုင်နှုန်းမှ အမျိုးသားအတွက် မဲပေးမည်ဟု ဖြေကြားခဲ့သည်။ ၂၄ ရာခိုင်နှုန်းသည် အမျိုးသမီးအား ပေးမည်ဖြစ်ပြီး ၂၅ ရာခိုင်နှုန်းသည် ဦးစားပေးရွေးချယ်မှု မရှိဟု ဖြေကြားခဲ့သည်။




အရင်းအမြစ်။ ။ အပြည်ပြည်ဆိုင်ရာ ရီပတ်ပဘစ်ကန် အဖွဲ့အစည်း၊ မြန်မာပြည်သူများ၏ ထင်မြင်ယူဆချက်ကို ခြုံငုံလေ့လာမှုစစ်တမ်း ၊ ဒီဇင်ဘာလ ၂၄ ရက် ၂၀၁၃ ခုနှစ် - ဖေဖော်ဝါရီလ ၁ ရက် ၂၀၁၄ခုနှစ်၊ စာမျက်နှာ ၂၉

ထို့အပြင် အချိုးကျကိုယ်စားပြုသော (PR) စနစ်များသည်လည်း အမျိုးသမီးများအား အကူအညီပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသော နိုင်ငံရေးပါတီများမှ စတင်လုပ်ဆောင်လိုက်သော မူဝါဒများကို ပါတီများမှ လက်ခံကျင့်သုံးလိုက်သော လုပ်ငန်းစဉ်ဖြစ်သည့် "ပြန့်နှံကူးစက်လွယ်မှု" သည် ပိုမိုဖြစ်နိုင်ချေ ရှိသည်။ ထိုစနစ်၌ လွှမ်းမိုးမှုရှိသောရာထူးနေရာများအတွက် အမျိုးသမီးများအား အဆိုပြုမှုကဲ့သို့

အခြားပါတီတစ်ခု၏မူဝါဒကို လက်ခံကျင့်သုံးခြင်းအားတုံ့ပြန်မှုသည် ပါတီတစ်ခုအတွက် နစ်နာမှုပိုမိုနည်းကောင်းနည်းစေနိုင်ပြီး အကျိုးအမြတ်သည် ပိုများကောင်းများလိမ့်မည်။

ရွေးကောက်ပွဲ စနစ်များ၏ အကျိုးသက်ရောက်မှုအပေါ် အလေးထားရန် နောက်ဆုံးအချက်မှာ ၎င်းတို့သည် ပြောင်းလဲနိုင်ခြင်းနှင့် ပုံမှန်ပြောင်းလဲနေခြင်းဖြစ်သည်။ ရွေးကောက်ပွဲစနစ်များ ပြောင်းလဲခြင်းသည် တစ်ခါတစ်ရံတွင် အမျိုးသမီးများ၏ ယဉ်ကျေးမှုဆိုင်ရာ အမြင်များ သိသိသာသာ ပြောင်းလဲခြင်းထက် ရှေ့ဆက်လုပ်ဆောင်ရမည့် ပိုမို လက်တွေ့ဆန်သည့် ပန်းတိုင်ကိုတစ်ခုကို ကိုယ်စားပြုနေသည်။

ဤအဆင့်တွင် အမျိုးသမီးများကို ဆန့်ကျင်သော မဲပေးသူများမှ စနစ်တကျဘက်လိုက်မှုများ ရှိနေသလားဆိုသည့် ဆင်ခြေတက်မှုအချို့ရှိပါသည်။ (မြန်မာနိုင်ငံမှ မဲပေးသူများ၏ ကျား၊မ လူမှုရေးရာအပေါ် မူတည်၍ဦးစားပေး ရွေးချယ်မှုနှင့် ပတ်သတ်သည့် စိတ်ဝင်စားဖွယ်ရာ သက်သေသာဓကအား ဇယားကွက် (၁)တွင် ကြည့်ပါ။) တစ်သီးပုဂ္ဂကိုယ်စားလှယ်လောင်းသည် ဗဟု/အများစုစနစ်များ အသုံးပြုသော နိုင်ငံများ၌ မဲစုစုပေါင်းအပေါ် သက်ရောက်မှု အချို့ရှိနိုင်ချေများသည်။ သို့ရာတွင် ထိုနိုင်ငံများ၌ပင် ပါတီအမှတ်အသား၊ အာဏာရအစိုးရ၏ လုပ်ငန်းအကဲဖြတ်ဆန်းစစ်မှုနှင့် နေ့စဉ်အရေးပါသောနိုင်ငံရေး ကိစ္စရပ်များ အပေါ်အမြင်များသည် ကိုယ်စားလှယ်လောင်း၏ လိင်နှင့်ပတ်သတ်ပြီး သက်ရောက်မှုကို ဖုံးကွယ်ထားသည်။ သို့သော် အရှိအတိုင်း ကိုယ်စားလှယ်လောင်းများ၏ ဝိသေသလက္ခဏာတစ်ခုချင်းစီသည် မဲဆန္ဒရှင်များအပေါ် အရေးမကြီးလျှင်ပင် ပါတီမှတာဝန်ရှိသူများက ၎င်းတို့အရေးကြီးကြောင်း ယုံကြည်နေကြသည်။ ထိုအချက် သည် ရွေးကောက်ပွဲမဲဆွယ်မှုများအတွက် ငွေကြေး ထောက်ပံ့ပေးသူများ၏ အမျိုးသမီးများသည် အလားအလာရှိသော ကိုယ်စားလှယ်လောင်းများ ဖြစ်သည်ဆိုသည့် အချက်အား ရှုမြင်မှုအပေါ် အပြန်အလှန်အကျိုးသက်ရောက်မှုများ ရှိနေသည်။

အမျိုးသမီးများ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အရေးများသည် နိုင်ငံရေးဆိုင်ရာ ကွန်ယက်များ၊ ပဋိပက္ခဖြစ်ပွားရာနေရာများကဲ့သို့ အချို့သော ပထဝီဝင် နေရာဒေသများကို လက်လှမ်းမီမှုမရှိခြင်းဖြင့် ထပ်မံ၍ ပိုမိုဆိုးရွားသွားနိုင်သည်။

နောက်ဆုံးအဖြင့် မီဒီယာများသည် လူထုအမြင်နှင့် လူထုအသိရှိမှုအပေါ် များစွာလွှမ်းမိုးမှုရှိသော်လည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်၌ မီဒီယာအင်အားစု၏ အခန်းကဏ္ဍကို လုံလောက်စွာ အလေးပေး လုပ်ဆောင်နိုင်ခြင်းမရှိပါ။ တစ်ခါတစ်ရံမီဒီယာအင်အားစုသည် အမျိုးသမီးများအား စိတ်ဝင်စားမှုရှိသော အခမ်းအနားများနှင့် အဖွဲ့အစည်းများ၏ သတင်းကိုအကျဉ်းချုံ့ဖော်ပြရန်သာ အားသန်ကြသည်။ လက်တွေ့ကျကျဆိုရလျှင် အကယ်၍အမျိုးသမီးများ၏ ကိစ္စရပ်များနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းများကို အသင့်အတင့် ဖော်ပြမှုမရှိလျှင် ၎င်းတို့ လုပ်ဆောင်ချက်များအား လူထုမှသတိပြုမိမှုမရှိတော့ပေ။တနည်းအားဖြင့်ဆိုသော် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒရှင်ပြည်သူများမရှိဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။

## အဆင့် ၅။ ။ ရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦးမှ ယနေ့အချိန်တွင် လွှတ်တော်၌နေရာတစ်နေရာရထားသူတစ်ဦးအဖြစ်သို့

အမျိုးသမီးများအား ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရချိန်၌ပင် ၎င်းတို့သည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ပါတီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ကြုံတွေ့ရသည်။တစ်ခါတစ်ရံ ၎င်းတို့သည် ၎င်းတို့၏ အမျိုးသားလုပ်ဖော်ကိုင်ဖက်များ၏ အလေးမထားမှု၊ အမျိုးသမီးခေါင်းဆောင်မှုစွမ်းရည်အတွက် ကောင်းမွန်သော

ပညာသင်ကြားမှုနှင့် သင်တန်းစနစ်များကို တက်ရောက်ခွင့်မရခြင်း၊ သတင်းအချက်အလက်ရရှိမှုနည်းခြင်း နှင့် မိသားစုအတွင်း ကျား၊မ သာတူညီမျှမှုမရှိခြင်းသည် အမျိုးသမီးများကို ထိုကိစ္စရပ်များအပေါ် လွတ်လပ်စွာ ရပ်တည်ချက်မှ ဆက်လက်တားဆီးထားသည်။

အမျိုးသမီး လွှတ်တော်အမတ်များသည် တစ်ခါတစ်ရံ ဂန်ထုတ်ဂန်ပိုးနှစ်ခုကို ထမ်းထားရသည်။ ၎င်းတို့ မိသားစုများကို စောင့်ရှောက်နေရသော ဇနီးမယားနှင့် အမေကဲ့သို့ အချိန်ပြည့်တာဝန်နှင့်၊ အိမ်ထောင်မှုကိစ္စရပ်များအား အချိုးအစား မညီမျှစွာ ခွဲဝေလုပ်ဆောင်နေရခြင်းတို့ပင်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် ၎င်းတို့ပါတီ နှင့် မဲဆန္ဒနယ်အတွက် အလုပ်များလုပ်ကြရသည်၊ မိမိပါတီတွင်၎င်း၊ ပါတီစုံ အဆင့်တွင်၎င်း၊ လွှတ်တော်ပြင်၌သော်၎င်းမတူညီသော ကော်မတီများနှင့် ကွန်ယက်များတွင် တာဝန်ထမ်းဆောင်ကြရသည်၊ ထို့အပြင် အမျိုးသားများ ကြီးစိုးသော အလုပ်ခွင်အနေအထားသည် လွှတ်တော်ထုံးတမ်းစဉ်လာနှင့်ဆိုင်သော အလုပ်ခွင်ဇယားနှင့်အတူ အလုပ်ချိန်နောက်ကျမှပြီးခြင်း၊ ခရီးများထွက်ရခြင်း၊ ပံ့ပိုးပေးသည့်အရာ အနည်းငယ်သာရှိခြင်းနှင့် လွှတ်တော်အမတ်များအပါအဝင် အလုပ်လုပ်နေသော အမျိုးသမီးများအတွက် အကူအညီဖြစ်စေမည့်ဖွဲ့စည်းပုံများမရှိခြင်း၌ထပ်မံ၍ ဂုဏ်သိက္ခာထိခိုက်စေသည်။ နောက်ဆုံးအနေဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားလူထုအဖွဲ့အစည်းများဖြစ်သည့် ကုန်သွယ်ရေး (အလုပ်သမား) သမဂ္ဂများနှင့် အမျိုးသမီး အဖွဲ့များအကြားညှိနှိုင်းဆောင်ရွက်မှုနှင့် ပံ့ပိုးပေးသော ကွန်ယက်ချိတ်ဆက်မှုများ မရှိသောအချက်ကြောင့်လည်း၎င်းတို့သည် ထိခိုက်ခံစားရသည်။ ထိုအချက်သည် အထူးသဖြင့် နုနယ်သော ဒီမိုကရေစီစနစ်တွင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကွန်ယက်ချိတ်ဆက်ထားသော လုပ်ငန်းများ၏ဖြစ်နိုင်ချေရှိသော အကျိုးရလဒ်များကို အသိရှိမှုမရှိခြင်းနှင့် ထိုအဆက်အသွယ်များ၌ ရင်းနှီးမြှုပ်နှံရန်အရင်းအမြစ်များ မရှိခြင်းကြောင့်ဖြစ်နိုင်သည်။

## အဟန့်အတားများအား ကျော်လွှားခြင်း။ အမျိုးသမီးများ၏ ကိုယ်စားပြုမှုအတွက် ရှေ့ဆက်ရမည့် နည်းလမ်း

လွှတ်တော်တွင်း ကိုယ်စားပြုမှု၌ အမျိုးသမီးများအား ခွဲဝေပေးမှု တဖြေးဖြေး မြင့်တက်လာခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များ၌ နိုင်ငံရေးနယ်ပယ် ကျယ်ပြန့်လာမှု၏ မတွန်းလှန်နိုင်သော နောက်ဆက်တွဲ အကျိုးဆက်တစ်ခု မဟုတ်ပါ။ ထို့ထက် ၎င်းသည် ကာလရှည်စည်းရုံးလှုံ့ဆော်မှုများ၊ အင်စတီကျူးရှင်းဆိုင်ရာ စီမံတည်ဆောက်မှုများ၊ နိုင်ငံရေးပါတီများ၏ သက်ဝင်လုပ်ဆောင်မှုများနှင့် ကျား၊မတန်းတူညီမျှရေးအတွက် လိုအပ်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိုမိုအသိအမှတ်ပြုလာမှုများ၏ ရလာဒ်ကြောင့်ဖြစ်ပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများအကြား မိတ်ဖက်ဆောင်ရွက်ခြင်းသည် အပြောင်းအလဲကို ပြီးမြောက်အောင်မြင်ရန်နှင့် နိုင်ငံရေးတွင် အကျိုးသက်ရောက်မှုရှိရန် အရေးပါသော အကြောင်းအချက် တစ်ခုဖြစ်သည်။ သို့ရာတွင် နိုင်ငံတစ်ခုချင်းစီ၌ အသေးစိတ်တိကျသော နည်းလမ်းများသည် ကွာခြားသွားလိမ့်မည်။

အမျိုးသမီးများ၏ ကိုယ်စားပြုမှု အဆင့်ဆင့်နှင့် အပြန်အလှန်ဆက်နွယ်နေသော လူမှုအသိုင်းအဝိုင်း၏ အရေးကြီးဆုံး ဂိသေသလက္ခဏာများအနက် တစ်ခုမှာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြချက်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုသည် ဓလေ့ထုံးတမ်းစဉ်လာ တန်ဖိုးထားမှုများကို အားနည်းစေသည်၊ မွေးဖွားနှုန်းကို ကျဆင်းစေသည်၊ မြို့ပြစီမံကိန်းများကို ပိုမိုဖြစ်ပေါ်စေသည်၊ ပညာရေးစနစ်ပိုမိုကောင်းမွန်စေသည်၊ အမျိုးသမီးများ လုပ်သားထု၏ ပါဝင်ဆောင်ရွက်မှု အားကောင်းစေပြီး အမျိုးသမီးများအတွက် သင့်လျော်သည့် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက်များ၊ သဘောထားများကို ပြောင်းလဲလာစေသည်။

၎င်းတို့အားလုံးသည် အမျိုးသမီးများအတွက် နိုင်ငံရေးဆိုင်ရာ အရင်းအမြစ်များ မြင့်တက်လာစေရန်ရန်နှင့် နိုင်ငံရေး လုပ်ဆောင်ချက်အားလုပ်ဆောင်ရန် အတားအဆီးဖြစ်စေသည့် အရာများအား လျော့ကျစေသော အကြောင်းအချက်များပင်ဖြစ်သည်။ သုတေသနပြုချက်များမှ ညွှန်ပြထားသည်မှာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အနိမ့်ဆုံးရှိပါက (အမျိုးသမီးများ၏ လုပ်အားများ ပါဝင်မှုအပါအဝင်) အကျိုးသက်ရောက်မှု ရှိစေရန် ရွေးကောက်ပွဲ စနစ်များကဲ့သို့ အခြား ပြောင်းလဲမှုများအတွက် အုတ်မြစ်တစ်ခုကို ဖန်တီးရန်လိုအပ်နေသည်။ ထိုအခြေခံအချက်မရှိလျှင် ပိုမိုဖွံ့ဖြိုးပြီးနိုင်ငံများ၌ အမျိုးသမီးများကိုယ်စားပြုမှုကို ရရှိရန်အကူအညီပေးနေသည့် အကြောင်းအချက်များသည်လည်း ရိုးရှင်းစွာပင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပေ။ ဖွံ့ဖြိုးမှုနေးကွေးသော နိုင်ငံများ၌ အမျိုးသမီးများ၏ နိုင်ငံရေးလုပ်ဆောင်ချက်များကို ဆန့်ကျင်နေသည့် အင်အားစုများသည် အမျိုးသမီးများ၏ပါဝင်မှုကို အနိမ့်ဆုံးသာလျှင် ခွင့်ပြုပေးလိုကြကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးလှုပ်ရှားမှုများ၏ အဓိက မျှော်မှန်းချက်မှာ ယုံကြည်မှုနှင့် ယုံကြည်မှုလွန်ကဲခြင်းတို့အကြားမှန်ကန်သောစိတ်ဓါတ်ကို မွေးမြူရန်ဖြစ်သည်။ ၎င်းတွင် သင့်လျော်သော အတွေးအခေါ်ပိုင်းဆိုင်ရာ ပြောကြားနိုင်ပြီး ယုံကြည်မှုကိုနှိုးဆွပေးနိုင်သည့် ခေါင်းဆောင်များ လိုအပ်သည်။ စဉ်းစားခြင်းနှင့် လုပ်ဆောင်ခြင်း နည်းလမ်းအသစ်များ၊ ပညာရေးဆိုင်ရာလုပ်ဆောင်ချက်များ၊ အမျိုးသမီးများ၏ အခြေအနေနှင့် ပတ်သတ်သည့် သုတေသနပြုမှုနှင့် အမျိုးသမီး အဖွဲ့အစည်းများအကြား ဆက်သွယ်ရေး နည်းလမ်းများသည် လိုအပ်နေသည်။

နိုင်ငံရေးပါတီများကို ဒီမိုကရေစီ၌ မဟာဗျူဟာကျမှုအဖြစ်ဆုံး တာဝန်ဝတ္တရားနှင့်အတူအောက်ပါတို့ကိုယုံကြည်လွှဲအပ်ခံရသည်။ ၎င်းတို့အား ៖ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများအား ပြင်ဆင်ရန်၊ ရွေးချယ်ရန်နှင့် ခေါင်းဆောင်မှုပိုင်းနှင့် အုပ်ချုပ်ရေးပိုင်းမှ ရာထူးနေရာများ၌ ၎င်းတို့အား ပံ့ပိုးကူညီပေးရန်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ခံနေရာများအတွက် ကိုယ်စားလှယ်လောင်းများစာရင်းကို ရွေးချယ်ရသောကြောင့်၊ ၎င်းတို့သည် အမျိုးသမီးများ နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက သော့ကိုင်သူများဖြစ်သည်။ နိုင်ငံရေးပါတီများကိုယ်တိုင်ကျား၊မလူမှုရေးရာကိုအလွန်ခွဲခြားသော အဖွဲ့အစည်းများဖြစ်နေသေးလျှင် ခေါင်းဆောင်သည့် ရာထူးနေရာများသို့ အမျိုးသမီးများ လက်လှမ်းမီမှုသည် အဟန့်အတား ဖြစ်နေလိမ့်မည်။ ၎င်းတို့သည် လုပ်ရည်ကိုင်ရည်ရှိသော အမျိုးသမီးကိုယ်စားလှယ်လောင်းများအားမဖြစ်မနေ ရှာဖွေ၊ ရွေးချယ်၊ သင်တန်းပေးရပါလိမ့်မည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ရွေးကောက်ပွဲစနစ်များသည် အမျိုးသမီးများ၏ကိုယ်စားပြုမှုကို များစွာလွှမ်းမိုးနိုင်သည်။ လက်ငင်းရလဒ်များကိုမူ အာမခံချက်ပေးနိုင်ခြင်း မရှိသေးပေ။ တနည်းအားဖြင့် ခွဲတမ်းကို 'အမြန်လမ်းကြောင်း'အဖြစ် တစ်ခါတစ်ရံရှု့မြင်ပြီး ၎င်းတို့သည်အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုမှု၌ ရာဇဝင်တွင်သော ရုတ်ချည်းပြောင်းလဲမှုများသို့ ဦးတည်နိုင်သည်နှင့် ဦးတည်နေသည်။ အမျိုးသမီးများအတွက်ခွဲတမ်းဟူသည် ကိုယ်စားလှယ်လောင်းစာရင်း၊ လွှတ်တော် အစည်းအဝေး၊ ကော်မတီတစ်ခုခု သို့မဟုတ် အစိုးရအဖွဲ့တစ်ခု၌ ဖြစ်စေတိကျသော အမျိုးသမီးများအား အရေအတွက် (သို့) ရာခိုင်နှုန်းကို ပါဝင်ရမည်ဖြစ်သည်။ ကျား၊မတန်းတူညီမျှရေးကို တိုးတက်စေရန် ထိရောက်မှုရှိသော ခွဲတမ်းကို ပုံစံချရာတွင် ဇယားကွက် (၂)တွင် ဖော်ပြထားသည့် အချက်အများအပြားကို သေချာစွာ စဉ်းစားဆင်ခြင်ရန်လိုအပ်သည်။ ဥပမာအားဖြင့် ကျား၊မ ခွဲတမ်းများသည် မဲဆန္ဒနယ်တစ်ခုစီ၌ ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းတစ်ဦးစီသာ ရွေးကောက်ခံသော ဗဟု/အများစု စနစ်များထက် အချိုးကျကိုယ်စားပြုစနစ်များ၌ အကောင်အထည်ဖော်ရန်

ပိုမိုလွယ်ကူသည်။

ယေဘုယျအားဖြင့် အမျိုးသမီးများအတွက် ခွဲတမ်းများသည် 'အခွင့်အလမ်း တန်းတူညီမျှမှု' အယူအဆမှ 'ရလဒ်၏ တန်းတူညီမျှရှိမှု' ဆီသို့ အရွေ့အပြောင်းတစ်ခုကို ကိုယ်စားပြုသည်။ ၎င်းဆွေးနွေးမှုမှာတန်းတူညီမျှမှုဟူသည် ပန်းတိုင်တစ်ခုသာဖြစ်ပြီး သာမန် တန်းတူညီမျှစွာပြုမူဆက်ဆံသည့် နည်းလမ်းဖြင့် ထိုပန်းတိုင်သို့ မရောက်ရှိနိုင်ဟူသည့် အတွေ့အကြုံအပေါ် အခြေခံသည်။ အကယ်၍ အဟန့်အတားများ ရှိနေလျှင် ရလဒ်၏တန်းတူညီမျှမှုကို ရရှိရန် တစ်ခြားအစားထိုးနည်းလမ်းများကို စတင်လုပ်ဆောင်ရမည်ဟုပြန်လှန်ဆွေးနွေးမှုများရှိပါသည်။ ခွဲတမ်းကိုအမျိုးသမီးများနိုင်ငံရေးနယ်ပယ်ထဲသို့ ဝင်ရောက်ရန် အဟန့်အတားဖြစ်နေသည့် အရာများအား မပယ်ဖျက်နိုင်ခင်အချိန်အထိ ယာယီနည်းလမ်းအဖြစ် ရှုမြင်နိုင်ပါသည်။ ထိုအချက်သည် နိုင်ငံရေးတွင် ပြောနေရမည်ဖြစ်သည်။ ခွဲတမ်းအပေါ် သုတေသနပြုလုပ်ရာ၌ အမျိုးသမီးများသည် အမျိုးသမီးများ၏ကိုယ်စားပြုမှု စံနမူနာသက်သက်ဖြစ်သော ဖြစ်ရပ်အများအပြားကို ထုတ်ဖော်ပြောဆိုကြသည်။ အထူးသဖြင့် အကယ်၍ ရွေးကောက်ခံ အမျိုးသမီးများသည် ၎င်းတို့ကိုယ်စားပြုသောမဲဆန္ဒနယ်များ၊ သို့မဟုတ် ပါတီများနှင့် နိုင်ငံရေးအဖွဲ့အစည်းများပြင်ပရှိ တစ်ခြားအားကောင်းသော လှုပ်ရှားမှုများကို အခြေခံ၍ လုပ်ပိုင်ခွင့်အာဏာ မရှိလျှင်ဖြစ်သည်။ သို့ရာတွင် အမျိုးသမီးများ၏ အစပထမ၌ အထီးကျန်ဆန်ပြီး လုပ်နိုင်စွမ်းမရှိသော်လည်း တဖြည်းဖြည်း ယုံကြည်မှုရှိလာပြီး ဩဇာလွှမ်းမိုးလာနိုင်သော အောင်မြင်သော သာဓကများလည်း ရှိနေပါသည်။

**ဇယား ၂။ ။ ခွဲတမ်းနှင့် ပတ်သတ်သည့် အရေးကြီးသည့် အချက် (၅)ချက်**

ခွဲတမ်းနှင့်ပတ်သတ်သော စည်းမျဉ်း၊ ဥပဒေများရှိနေခြင်းဖြင့် မလုံလောက်ပေ။ ခွဲတမ်းစနစ်၏ အောင်မြင်မှုသည် လုပ်ငန်းစဉ်၊ အကောင်အထည်ဖော်သည့် နည်းလမ်းနှင့် စည်းမျဉ်း၊ ဥပဒေများကိုအသက်ဝင်အောင် လုပ်ဆောင်ခြင်းတို့၌ များစွာမှီတည်နေပါသည်။ ထို့အပြင်ခွဲတမ်းသည် နိုင်ငံရေး ပါတီများ၏ ရွေးချယ်မှု လုပ်ငန်းစဉ်များ၌ စတင်ကတည်းက ထဲထဲဝင်ဝင် သက်ဆိုင်နေသည်။ ထို့မျှသာမက ခွဲတမ်းတစ်ခုတည်းဖြင့် ဥပဒေပြုရေးစနစ်အတွင်းသို့ အမျိုးသမီးများဝင်ရောက်နိုင်မှုကိုတားဆီးထားသောအရာအားလုံးအား ပယ်ဖျက်နိုင်မည်မဟုတ်ဆိုသည့်အချက်ကိုလည်း သတိပြုမိရန် အရေးကြီးသည်။ အမျိုးသမီးများအား လုပ်ပိုင်ခွင့်အာဏာရရှိရန် လုပ်ဆောင်ခြင်းသည် ကိစ္စရပ်တစ်ခုဖြစ်ပြီး နိုင်ငံရေးသမားများ၏ ပြုမူလုပ်ဆောင်ချက်များကို ပြောင်းလဲခြင်းသည် အခြားကိစ္စတစ်ခုဖြစ်သည်။

**၁။ ခွဲတမ်း အမျိုးအစား ။ ။**

ရွေးကောက်ပွဲအတွက် အမျိုးသမီးကိုယ်စားလှယ်လောင်းအရေအတွက် အနိမ့်ဆုံးရာခိုင်နှုန်းကိုသတ်မှတ်ထားသလား (သို့) ဥပဒေပြုအဖွဲ့တစ်ခု၏ ကိုယ်စားလှယ်များအကြား အမျိုးသမီးများအတွက်နေရာအရေအတွက်ကို သေသေချာချာ သတ်မှတ်ထားသလား။ အကယ်၍ ကိုယ်စားလှယ်လောင်းကိုဗဟိုပြုသော ခွဲတမ်းဖြစ်ပါက ထိုကိုယ်စားလှယ်လောင်းများကို စာရင်းထဲ မည်သည့်နေရာ၌ ဖော်ပြရမည်ကို သတ်မှတ်ထားသလား။ (ဥပမာ။ ။ တစ်နေရာခြား) သို့မဟုတ် နိုင်ငံ၏မည်သည့် ခရိုင်တွင် ထားရှိရမည်ကို သတ်မှတ်ထားသလား။ ၎င်းအား ဥပဒေပြုရေးဖြင့် တိတိကျကျ

သတ်မှတ်ထားသလား (ဥပမာ။ ။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (သို့) ရွေးကောက်ပွဲ ဥပဒေ) (သို့) နိုင်ငံရေးပါတီများမှ မိမိ ဆန္ဒအလျောက် သတ်မှတ်ကြသလား။

**၂။ ခွဲတမ်း၏ ပမာဏ။ ။**
၎င်းသည် ၅၀% (သို့) အခြားတစ်ခုခုဟုသတ်မှတ်ထားသလား။

**၃။ ခွဲတမ်း၏ အကျယ်အဝန်း။ ။**
၎င်းသည်တစ်နိုင်ငံလုံး၊ ရွေးကောက်ပွဲစနစ်၏ အစိတ်အပိုင်းအားလုံးတွင် လုပ်ဆောင်ရန်လား (သို့) တစ်ချို့သောသတ်မှတ်ထားသော အစိတ်အပိုင်းတွင် သာလုပ်ဆောင်ရန်လား။

**၄။ ရွေးကောက်ပွဲ စနစ်။ ။**
၎င်းသည် ရွေးကောက်ပွဲစနစ်နှင့် အံ့ဝင်ခွင်ကျရှိသလား၊ (သို့) ရွေးကောက်ပွဲစနစ်၏ ဂိသေသလက္ခဏာများသည် ခွဲတမ်းကို ဆန့်ကျင်နေသလား။ ဆွေးနွေးခြင်း၊ ပုံစံရေးဆွဲခြင်းနှင့် နှင့် အကောင်အထည်ဖော်ခြင်း အဆင့်များ၌ ဖြစ်စဉ်တွင် ပါဝင်ပတ်သတ်သူများ များနိုင်သမျှများများ ပါဝင်နိုင်ပါသလား။

**၅။ အရေးယူလုပ်ဆောင်မှုများ။ ။**
အခြားတစ်ခုခု ရှိနေသလား။ ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့သည် ခွဲတမ်းစနစ်ကိုကြီးကြပ်ရန်နှင့် ခွဲတမ်းစနစ်အသက်ဝင်ရန် လုပ်ဆောင်လိုစိတ်နှင့် လုပ်ဆောင်နိုင်စွမ်း ရှိသလား။ နိုင်ငံရေးပါတီများမှ အမှန်တကယ်လေးစားလိုက်နာစေရန် သေသေချာချာ လုပ်ဆောင်နိုင်စွမ်းရှိသလား။

အရင်းအမြစ် ။ ။ International IDEA ညီမျှမှုအတွက် ပုံဖော်ခြင်း- ရွေးကောက်တင်မြှောက်မှုစနစ်များနှင့် ကျားမတန်းတူရေး ခွဲတမ်းစနစ်တို့၏ အကောင်းဆုံးအံ့ဝင် ဂွင်ကျသော၊ အလယ်အလတ် အံ့ဝင်ဂွင်ကျသော နှင့် အလားအလာ မကောင်းသော ပေါင်းစပ်မှုများ၊ ၂၀၀၇ ခုနှစ်။

အမျိုးသမီးများသည်လည်း ၎င်းတို့၏ ကိုယ်ပိုင်ပန်းတိုင်များ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့် ပတ်သတ်၍ သေချာစွာစဉ်းစားထားရမည်။ လွှတ်တော်တွင်းရှိအမျိုးမီးများအား သူတို့၏ ကတိပေးမှုများအားပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်၊ လိုအပ်သောစွမ်းရည်များနှင့် မဟာဗျူဟာများကို ကူညီဖြည့်ဆည်းရန်အရေးကြီးသည် သို့မှသာ အမျိုးသမီးများမှ တင်ပြသော ကိစ္စရပ်များအား လွှတ်တော်အတွင်း စကားစစ်ထိုးပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အရေးယူလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ စည်းမျဉ်းဥပဒေများကို သင်ယူခြင်း၊ အသုံးပြုခြင်းနှင့် ပြောင်းလဲခြင်း၌ စည်းမျဉ်းအပေါ်အခြေခံသော မဟာဗျူဟာသည် အပြောင်းအလဲသည် လိုအပ်ချက်တစ်ခုဖြစ်ပြီး အမျိုးသမီးလွှတ်တော်အမတ်များကိုရွေးကောက်တင်မြှောက်ခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ အပြောင်းအလဲများဖြစ်စေရန် ဆိုသည့် ယုံကြည်ချက်အပေါ် အခြေခံသည်။ နည်းဗျူဟာတစ်ခုချင်းစီသည် ကျယ်ပြန့်သော အမျိုးအစားလေးခုအောက်မှ မဟာဗျူဟာ အမျိုးမျိုးပါဝင်နေသည်။ ၎င်းတို့မှာ - လွှတ်တော်၏ အဖွဲ့အစည်း၏ သဘောသဘာဝ၊ ကိုယ်စားပြုခြင်း ကိစ္စရပ်များ၊ အမျိုးသမီး လွှတ်တော်အမတ်များ အတွက်နှင့် ၎င်းတို့အကြောင်းကို အကျယ်တဝင့် ရေးသားချက်များနှင့် ဥပဒေပြုရေး (သို့) မူဝါဒရေးရာ ထွက်ပေါ်လာမှုများ ဖြစ်သည်။ (ဇယား (၂)ကို ကြည့်ပါ။)

ဇယား ၂။ ။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အကျိုးသက်ရောက်မှုများဖန်တီးနိုင်ရန် ‘စည်းမျဉ်း မဟာဗျူဟာ’တစ်ခု ၏ လိုအပ်ချက်များ

| | အဖွဲ့အစည်းဆိုင်ရာ(သို့) လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် ကိုယ်စားပြုခြင်း | ထွက်ပေါ်လာသောအရာများနှင့် အကျယ်တဝင့် ရေးသားချက်များအပေါ် လွှမ်းမိုးမှု |
|---|---|---|
| စည်းမျဉ်းများအား သင်ယူခြင်း | - အဆင့်တိုင်းတွင် မီဒီယာများနှင့်အမျိုးသမီး အဖွဲ့အစည်းများနှင့် ကွန်ယက်ချိတ်ဆက်ရန်<br>- လွှတ်တော်၏ကျင့်ဝတ်များ၊ ဥပဒေကြမ်းရေးဆွဲခြင်းနှင့်ဆိုင်သော သင်တန်းများတွင် ပါဝင်တက်ရောက်ရန်<br>- လူထုအတွင်း ထိရောက်စွာ စကားပြောဆိုနိုင်စွမ်း၊ အပြန်အလှန်ဆက်သွယ်နိုင်စွမ်းနှင့် တိုက်တွန်းစည်းရုံးနိုင်စွမ်း (Lobby) များကို တိုးတက်အောင်လုပ်ရန်<br>- မီဒီယာတို့၏ သဘောသဘာဝကို နားလည်ရန်နှင့် ကိုင်တွယ်တတ်ရန် | - ယေဘူယျအားဖြင့် အမျိုးသမီးများ၏နေရာ အဆင့်အတန်းမြင့်မားလာစေရန်လုပ်ဆောင်နေကြသော မီဒီယာ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသော အဖွဲ့အစည်းများအကြားစုပေါင်းဆွေးနွေးပွဲများကျင်းပရန်<br>- လိင်ကိုအခြေခံပြီး အမျိုးသမီးများအား ရှုံ့ချနေမှုကိုအကျယ်တဝင်ရေးသားခြင်းအား အထူးဂရုပြုရန်<br>- မတူညီသော ကော်မတီများအတွင်း ပါဝင်လုပ်ဆောင်ရန် (ဥပမာ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးရာ) |
| စည်းမျဉ်းများအား အသုံးပြုခြင်း | - အဖွဲ့အစည်းအတွင်း ရွေးကောက်ပွဲများ၌ အမျိုးသမီးများအား အဆိုပြုခြင်း နှင့် မဲပေးခြင်း<br>- အဓိက ရာထူးနေရာများ၌ အမျိုးသမီးများ ပါဝင်မှုမရှိခြင်းကို အထူးဂရုပြု ဆောင်ရွက်ရန်<br>- ရာထူးနေရာများအတွက် တန်းတူညီမျှ အခွင့်အလမ်းရရှိစေရန် တိုက်တွန်းရန်<br>- အမျိုးသမီးများနှင့်ဆိုင်သောအလေးထား စရာကိစ္စရပ်များကို ထည့်သွင်းနိုင်ရန်အတွက် လက်ရှိအသုံးပြုနေသော ဖွဲ့စည်းတည်ဆောက်ပုံများကိုတိုးချဲ့ရန် စည်းရုံးလှုံ့ဆောင်ရန် | - လွှတ်တော်၏ဆွေးနွေးမည့် အစီအစဉ်များကို လွှမ်းမိုးနိုင်ရန်-အမျိုးသမီးများအား အလေးထားသော လုပ်ဆောင်ချက်များကို မိတ်ဆက်ရန်<br>- အမျိုးသမီးနှင့်ဆိုင်သော ကိစ္စရပ်များအပေါ် လူထုက စမေးမြန်းခြင်းကို စတင်လုပ်ဆောင်ရန်နှင့် ၎င်းတို့အား လုပ်ငန်း အစီအစဉ်ထဲတွင် ထည့်သွင်းရန်<br>- မီဒီယာကိုအသုံးပြု၍ အမျိုးသမီးများနှင့် ဆိုင်သော အလေးထားစရာကိစ္စရပ်များကို ပိုမိုအာရုံစိုက်လာကြစေရန်နှင့် အမျိုးသမီး လွှတ်တော်အမတ်များ၏ ကိုယ်စားပြုမဲဆန္ဒနယ်များအား လက်လှမ်းမီရန် လုပ်ဆောင်ရန် |
| စည်းမျဉ်းများအား ပြောင်းလဲခြင်း | - ပါတီ၏ ကိုယ်စားလှယ်လောင်းများ ရွေးချယ်သည့် စည်းမျဉ်းများကို ပြောင်းလဲရန်၊ အထူးသဖြင့် ခေါင်းဆောင်မှုနေရာများအတွက်<br>- အချို့သော ကော်မတီများ /ကိစ္စရပ်များ အပေါ် ကိုယ်စားပြုမှုများ နည်းနေခြင်းများကို ဖော်ထုတ်ဖြေရှင်းရန်နှင့်ဖြေရှင်းနိုင်မည့် လုပ်ထုံး | - အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချနိုင်ရေး ကြိုးပမ်းမှုများကို ပံ့ပိုးလုပ်ဆောင်နေကြသော စီမံကိန်းများ (ဥပမာ- အမျိုးသမီး စွမ်းရည်မြှင့်တင်ရေး စီမံကိန်းများ) ကို ဘဏ္ဍာရေးအရ မက်လုံးများပေးခြင်းကို တိုးမြှင့်လုပ်ဆောင်ရန် |

| | | |
|---|---|---|
| | လုပ်နည်းများကို မိတ်ဆက်ရန် (ဥပမာ။ ။ ခွဲတမ်း စနစ်၊ ပထမဦးဆုံး စကားပြောဆိုခွင့်)<br>- လုပ်ငန်းအကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာနိုင်ပြီး တာဝန်ခံမှုကိုသေချာစေရန် နိုင်ငံတော် ယန္တရားတစ်ခု တည်ဆောက်ရန်<br>-အမျိုးသမီးများနှင့် လိုက်လျောညီထွေရှိသော အပြောင်းအလဲများ သေသေချာချာဖြစ်လာစေရန်အတွက်အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၌ ပါဝင်ဆောင်ရွက်ရန်<br>- အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်အတွက်ခိုင်မာပြီး အကျိုးသက်ရောက်မှုကို အခြေခံသော အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များကို တိုးမြှင့်လုပ်ဆောင်ရန် | -အမျိုးသမီးများအား အိမ်ထောင်ရှင်မအဖြစ်သာ ရှုမြင်ကြမှုနှင့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှု နည်းလမ်းများအား ကန့်သတ်ခံထားရမှုကို ပြောင်းလဲရန် မီဒီယာများ၊ အမျိုးသမီးထုလှုပ်ရှားမှုများ၊နှင့် ပူးပေါင်းလုပ်ဆောင်ရန်၊<br>-အမျိုးသားများအား အတုယူရန် ကြိုးပမ်းမှုအစား အမျိုးသမီးတစ်ဦးဖြစ်ရခြင်းကို ဂုဏ်ယူတတ်စေရန်<br>- အမျိုးသမီးများအတွက် အရေးကြီးသော ကိစ္စရပ်များကို ထည့်သွင်းနိုင်စေရန် ဥပဒေပြုမှုကို ချဲ့ထွင်လုပ်ဆောင်ရန်(ဥပမာ- ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ လူ့အခွင့်အရေး၊ ကိုယ်ဝန်ဖျက်ချခြင်း)နှင့် ဥပဒေများအား အမျိုးသမီးများနှင့်လိုက်လျောညီထွေရှိအောင် လုပ်ဆောင်ရန် |

## နိဂုံး

ဤသတင်းအချက်အလက် အကျဉ်းချုပ်သည် လွှတ်တော်၌အမျိုးသမီးများတန်းတူညီမျှ ကိုယ်စားပြုမှုကို ရရှိစေရန် စိန်ခေါ်မှုများအား ခြုံငုံသုံးသပ်ချက်တစ်ခု သာမက နိုင်ငံရေးတွင် ကျား၊မတန်းတူညီမျှရေးကို မြှင့်တင်ရန် အကြံဉာဏ်အချို့ကိုလည်း မျှဝေပေးထားပါသည်။ မည်သည့်အဟန့်အတားများသည် အရေးကြီးဆုံးဖြစ်သည်နှင့် မည်သည့်ဖြေရှင်းမှု နည်းလမ်းများအား ဦးစားပေးသင့်သည်ဆိုသည့် ဆန်းစစ်ချက်သည် နိုင်ငံတိုင်းအတွက် ကွဲပြားမှုရှိနေလိမ့်မည်။ ဤသတင်းအချက်အလက် အကျဉ်းချုပ်သည် ထိုပန်းတိုင်သို့ ရောက်ရှိနိုင်ရန်အတွက် လိုအပ်နေသော အပြန်အလှန်ဆွေးနွေးမှုများနှင့် ဆွေးနွေးတိုက်တွန်းမှုများ (advocate)ကို ကတိကဝတ်ထား လုပ်ဆောင်နေသည့် မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် အမျိုးသားများအား စိတ်အားတက်ကြွစေနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အမျိုးသမီးများအတွက် လွှတ်တော်၏ပံ့ပိုး ကူညီမှုကို မည်သို့တိုးတက်အောင် ပြုလုပ်မည်နည်း၊ အမျိုးသမီးကိုယ်စားလှယ်လောင်းများအား မြှင့်တင်ပေးရာ၌ မည်သည့် ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာများသည် ထိရောက်မှုအရှိဆုံးဖြစ်သနည်းဆိုသည့် အကြောင်းအရာများအပေါ် တက်ကြွသော လူထုစကားစစ်ထိုးပွဲသည် ကျား၊မတန်းတူညီမျှမှု အကြောင်းအရင်းများကို အကျိုးကျေးဇူးဖြစ်ထွန်းစေ ပါသည်။

ဤစာစောင်အပေါ် တစ်စုံတစ်ရာ တုံ့ပြန်အကြံပြုလိုသည်ဖြစ်စေ နှင့်ခေါင်းစဉ်များနှင့် ပတ်သတ်၍ အကြံပြုလိုသည်ဖြစ်စေ အီးမေးလိပ်စာ info-myanmar@idea.int သို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

## ထပ်မံဖတ်ရှုနိုင်သည့် စာအုပ်များ

ဤသတင်းအချက်အလက် အကျဉ်းချုပ်သည် သင့်အား နိုင်ငံရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ခြင်း၌ ကြုံတွေ့ရသော အတွေ့အကြုံများ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြောင်း ထပ်မံသိရှိလိုစိတ်များဖြစ်ပေါ်စေပါသလား။ ထပ်မံပြင်ဆင် တည်းဖြတ်ထားသော "လွှတ်တော်အတွင်းမှ အမျိုးသမီးများ- ကိန်းဂဏန်းများ၏ နောက်ကွယ်" လက်စွဲစာအုပ် (အင်္ဂလိပ်ဘာသာဖြင့်)တွင် ရွေးချယ်စရာများ၊ စုစည်းဖော်ပြထားသော အကောင်းဆုံးဆောင်ရွက်ချက်သက်သေများနှင့် ပြုပြင်ပြောင်းလဲရန် လိုလားသူများကို အားပေးတိုက်တွန်းခြင်းများ ပါဝင်သည်။ ၎င်းသည် နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်ပုံများ၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုကို မြှင့်တင်ပေးနေသူအားလုံးကို ဦးတည်ရည်ရွယ်ထားပြီး စာအုပ်ကို ဖော်ပြပါဝက်ဆိုဒ်တွင် ရရှိနိုင်သည်။ http://www.idea.int/publications/wip2/

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA)မှ ထုတ်ဝေသည့် "ညီမျှမှုအတွက်ပုံဖော်ခြင်း"သည် ဂေစုစနစ်အမျိုးမျိုးအကြောင်း ဖော်ပြထားသော 'နိုင်ငံတကာ IDEA လက်စွဲစာအုပ်အသစ်၊ ရွေးကောက်ပွဲစနစ်ဒီဇိုင်း' တွင် ဖော်ပြထားသည့်အတိုင်း ရွေးကောက်ပွဲစနစ်အမျိုးမျိုး၏ ကိုက်ညီမှုကို ခြုံငုံသုံးသပ်ထားပါသည်။ ၎င်းကို မြန်မာဘာသာဖြင့် ဝက်ဆိုဒ် http://www.idea.int/publications/designing_for_equality/my.cfm တွင် ရယူနိုင်သည်။

ပုံနှိပ်ထားသော စာအုပ်ရယူလိုလျှင် အီးမေး info-myanmar@idea.int သို့ ဆက်သွယ်တောင်းယူနိုင်သည်။